

"ချစ်သောဈေး"
Author_Libra

အပိုင်း - ( ၁ )

"မိညိုရေ သားထွေးလေး သတိရလာပြီ သွား...မြန်မြန်ဟိုဘက်ခြံက ဒေါက်တာခင်မောင်ရင် ကို သွားခေါ်ချေ"

အသက်လတ်ပိုင်းလောက်ရှိမည့် အမျိုးသမီးတစ်ဦး၏ အသံကို ကျွန်တော် ကြားနေရတယ်။

ကျွန်တော်ဘယ်နေရာကို ရောက်နေလဲ ကျွန်တော်မသိ။ ဒါပေမဲ့ ကျွန်တော်အခုရောက်နေတဲ့ နေရာဟာ ကျွန်တော်နဲ့မရင်းနှီးဘူး ဆိုသည်ကို တော့ ကျွန်တော်ခံစားမိသည်။

မနေ့က ဘာတွေဖြစ်ခဲ့တာလဲ ... ဦးနှောက်ကို Recall ပြန်ခေါ်ကြည့်စမ်း ... စဥ်းစား...စဥ်းစား...

ကျွန်တော်မှတ်မိပြီ။ ကျွန်တော်နဲ့ ကျွန်တော့်သူငယ်ချင်း ညနေဘက် စက်ဘီးထွက်စီးကြရင်း ကျွန်တော့် အရှေ့ကို ကားတစ်စီး အရှိန်လွန်ထိုး စိုက်ပြီး ကျွန်တော် သတိလစ်သွားတာပဲ။

ဒါဆို အခုကျွန်တော်ရောက်နေတဲ့နေရာက...

ထိုအခိုက် ဆရာဝန်ဖြစ်ဟန်တူသော လူတစ်ဦးက ကျွန်တော်အိပ်နေသော ကျွန်တော့် ခုတင်ခေါင်းရင်းဘက်နားကို ဆေးလွယ်အိတ်လည်း ချရင်း ဝင် ထိုင်သည်။

ဆရာဝန်တို့ ထုံးစံအတိုင်း ကျွန်တော့်ကို သွေးပေါင်ချိန်တိုင်း၊ အဖျားသွေး စစ်ပြီး ကျွန်တော့်ကို မှာစရာရှိတာ မှာသည်။

"နောက်တစ်ခါအခုလို မရှုးမိုက်နဲ့ညီထွေး"

"ဗျာ ... "

"ညီထွေးရယ် တစ်ခါတလေမှာ နှလုံးသားထက် ဦးနှောက်ကို အရေးပေးရမယ့် အရာတွေ ရှိတယ်ကွ"

ထိုသူက ကျွန်တော့်ကိုလည်း စကားပြောရင်း သူ့ဆေးလွယ်အိတ်ထဲလည်း ဆေးဝါးတွေ ဟိုထုတ်သည်ထုတ်။ ဟိုထည့်သည်ထည့်နဲ့ အလုပ်ရှုပ်နေသည်။

"ဒေါ်ဒေါ်ရေ ညီထွေးက အားလုံးကောင်းပါတယ် အခုတော့ သူအားရှိအောင် ကျွန်တော် အားဆေးတွေပဲ ပေးခဲ့မယ်"

"ကျေးဇူးတင်ပါတယ် မောင်ခင်မောင်ရင်ရယ်... မင်းညီထွေးကလေ ဘာတွေ လျှောက်လုပ်မိလည်း ဒေါ်ဒေါ်ဖြင့် မတွေးဝံ့ဘူး။ အခုကစပြီး သူ့ကိုပဲ အရိပ်တကြည့် ကြည့်နေရတော့မယ်"

ဒါဆို ဒီအမျိုးသမီးက ကျွန်တော့် မေမေဖြစ်ဟန်တူသည်။ ဒါဆို ငါက မဟုတ်မှလွဲ... Time travel လာတာလား... Fu*k စောက်တလွဲတွေတော့ ဖြစ်ပြီ မင်းဘုန်းရေ။

"သားထွေးလေး မေမေလေ စဥ်းစားကြည့်ပါဦး သားရဲ့မေမေလေ"

"ကျွန်... ကျွန်တော်တကယ်မသိဘူး"

ဟုတ်ပါတယ်။ ကျွန်တော်မှ ထိုအမျိုးသမီးကိုမသိတာ။ နောက်ပြီး ကျွန်တော်က အချိန်ခရီး သွားလာတာပါ။ ကျွန်တော်က ၂၀၂၂က လူပါလို့ ပြောကြည့်ပ့ါလား။ ဒီဘက်ခေတ်က လူတွေ အယူသီးတာနဲ့ ပယောဂဆိုပြီး ဆရာတွေဘာတွေနဲ့ လုပ်မှဖြင့် အသားလွတ် ကြိမ်လုံးစာမိဦးမည်။ မဖြစ်သေး။

"ညီထွေး ကိုကိုကြီးကိုရော...ညီထွေးရဲ့ကိုကိုကြီးလေ"

အသက်၂၅နှစ်ဝန်းကျင် ယောကျ်ားတစ်ယောက်ကလည်း သူ့ကိုသိလားပဲ ထပ်လာ မေးနေတယ်။

မသိပါဘူးဆိုဗျာ။ တယ်ခက်ကြတဲ့သူတွေပဲ။

"ဟိုလေ ကျွန်တော် တကယ်ဘာကိုမှ မမှတ်မိတာပါ။ ကျွန်တော် ဘယ်ရောက်နေလဲ ဆိုတာကိုတောင် ကျွန်တော်တကယ် မသိဖြစ်နေတာပါ"

ကျွန်တော်လည်း မျက်နှာငယ်လေးနဲ့ ပြောပြမိတော့ ဒီခန္ဓာကိုယ်ပိုင်ရှင်ရဲ့ အမေဖြစ်ဟန် တူသူက ရုတ်ခြည်းထအော်ငိုတော့သည်။

"အမလေး မေ့သားလေးရဲ့ ကိုယ်ကျိုးတော့နည်းပြီလား မသိဘူး။ ယုမောင် သွား Dr.ခင်မောင်ရင်ကို အမြန်သွားခေါ်ချည်စမ်း"

ထိုသို့နှင့်ကျွန်တော်လည်း ဘူမသိကိုးမသိနဲ့ ကျွန်တော်မသိတဲ့ မိသားစုတစ်ခုမှာ ပြန်လည် မွေးဖွားခြင်းနှင့်အတူ ပြန်လည်ရှင်သန် ရတော့သည်ပေါ့ဗျာ။

***

## အပိုင်း - ( ၂ )

ကျွန်တော်ဒီအိမ်ကိုရောက်တာ တစ်ပတ်ရှိခဲ့ပြီ။ ကျွန်တော့်ကို ဒီခန္ဓာကိုယ် ပိုင်ရှင်အမေက ဘေးအိမ်က ဆရာဝန်နဲ့ ပြကြည့်တော့ အိပ်ဆေးအလွန်အကျွံ သောက်မိရာမှ ခဏတာ မှတ်ဉာဏ် မေ့သွားခြင်းပါတဲ့။ တကယ်တော့ ကျွန်တော်က အနာဂတ်က လာတဲ့သူဆိုတာကိုတော့ သူတို့မသိပါချေ။

ပြောပြရဦးမည်။ ကျွန်တော် ရောက်နေခဲ့တာက မြန်မာနိုင်ငံလွတ်လပ်ရေးမရခင် ၁၉၄၇ခုနှစ်တဲ့။

ကျွန်တော့်အစ်ကိုဆိုတဲ့ ကိုယုမောင်က ရာဇဝတ်အုပ်တစ်ယောက်ဖြစ်သည်တဲ့လေ။

ထူးဆန်းတာက ကျွန်တော့် အနာဂတ်ကရုပ်နဲ့ ဒီခန္ဓာကိုယ်ပိုင်ရှင်ရဲ့ရုပ်က တစ်ထေရာတည်း တူနေခဲ့တာပင်။ အသက်ကရော...။ အတူတူပဲရယ်။ မသိရင်ကျွန်တော်တို့က အပြိုင်ကမ္ဘာထဲက လူနှစ်ယောက်လို့ ဆိုရမလိုပင်။ မတူတာက နာမည်တွေပဲ။

ကျွန်တော့်နာမည်အရင်းက မင်းဘုန်းဖြစ်ပေမဲ့ ဒီခန္ဓာကိုယ် ပိုင်ရှင်၏နာမည်က "ချစ်သောထွေး" တဲ့လေ။

ကောင်လေးနဲ့ ကျွန်တော့်ရဲ့ ရုပ်ရည်သွင်ပြင်အားလုံး တူသော်ငြား ဆံပင်ပုံစံကတော့ မတူခဲ့ပါချေ။

ထိုကောင်လေးက ဂုတ်လောက်ထိ ဆံပင်ရှည်သောကြောင့် ကျွန်တော်

သတိရပြီးနောက် တစ်နေ့မှာပင် ဈေးထဲလိုက်သွားကာ ကျွန်တော့် စိတ်ကြိုက် ကေသခဲ့ရသေးသည်။

"သားထွေးရေ... အောက်မှာ ဧည့်သည်ရောက်နေတယ် ခဏဆင်းခဲ့ပါဦး ကွယ်"

မေမေရဲ့ခေါ်သံ။ အင်း... အခုတော့ ကျွန်တော့် အမေဆိုပါတော့။ သူမ အသံကြားတာနှင့် ကျွန်တော်လည်း ဆင်းလာခဲ့လိုက်သည်။

ကျွန်တော် ဧည့်ခန်းထဲရောက်တော့ မျက်နှာထပ် မိတ်ကပ် အဖွေးသားနှင့် နှုတ်ခမ်းနီခပ်ရဲရဲနှင့် ကျွန်တော်တို့ အရွယ်မိန်းကလေးတစ်ယောက်။ သူ့ ဘေးတွင်လည်း မေမေတို့ အရွယ် အမျိုးသမီးကြီးတစ်ဦး။

ကျွန်တော်ထင်တာ မမှားရင် ဒီအမျိုးသမီးနှစ်ယောက်ကို မေမေက ကျွန်တော်နဲ့ မိတ်ဆက်ပေးမယ်။ ပြီးရင် ထိုမိန်းမပျိုနဲ့ ကျွန်တော်နဲ့ နေရာချထားပေးချင်တယ် ဘာညာသရကာနှင့် မြန်မာဇာတ်ကား ဆန်ပြတော့မည်ထင်။ မင်းဘုန်းရေ မင်းလွတ်အောင်သာ ရုန်းပေတော့ပေါ့။

"မရီရယ်ကြည့်ပါဦး သားထွေးလေးက ချောလာလိုက်တာ"

ကျွန်တော်ဖြင့် ထိုင်ခုံတွင် ဝင်မထိုင်ရသေး။ ထိုအမျိုးသမီးကြီးမှ စကားစ ဆိုသည်။

"ဟုတ်တယ်..ဒါတောင် ဟိုတလောက နေမကောင်းဖြစ်သွားလို့လေ မျက်နှာလေးက ချောင်သွားတာတော်ရေ"

အသက်လတ် အမျိုးသမီးနှစ်ဦး၏ စကားအသွားအလာကြားတွင် ကျွန်တော်မှာ ဘာပြောရမှန်းမသိအောင် ဆွံ့အနေရသည်။

"သားမှတ်မိလား။ ဒါက မေမေတို့ မန္တလေးမှာနေတုန်းက ဘေးခြံက ဒေါ်ဒေါ်စံပယ်လေ ဘေးက သူ့သမီးလေး မြညိုတဲ့။ ငယ်ငယ်တုန်းက ဆို

သားနဲ့ အမြဲရန်ဖြစ်နေကျ ကလေးမလေးလေ"

မေမေ့အပြောကြောင့် မြညိုဆိုသော ကောင်မလေးဘက် ကျွန်တော် မျက်စိ လှည့်ကြည့်မိတော့ အပျိုလေး ဖြစ်သည်က တစ်ကြောင်း၊ ငယ်ကျိုး ငယ်နာ ဖော်နေခြင်းကြောင့်ထင်။ ရှက်လွန်း၍ ခေါင်းလေးကအောက်ငုံ့ကာ ရှုံ့ရှုံ့လေးဖြစ်သွားသည်။

ကိုယ့်ဘဝနဲ့ကိုယ်တောင် အရင်ခန္ဓာကိုယ်ထဲ ပြန်ရောက်ဖို့ ဘယ်လိုနည်း လမ်း သုံးရမည် မသိသည်ကို ဒီဘဝမှာ အိမ်ထောင်ကျသွား၍ မရသေး။ မင်းဘုန်းရေ အမြန်လစ်မှဖြစ်မည်ဟ။

"မေမေ သားခေါင်းတွေ ကိုက်လာတယ် သားနားမှရတော့မယ် ထင် တယ်"

"ဟယ်သားထွေး Dr.ပေးတဲ့ ဆေးတွေ မသောက်ဘူးလား"

မေမေက ကျွန်တော့်ကို စိတ်ပူပူဟန်နှင့် ဘာမဆိုင် ညာမဆိုင် နဖူးလေးကို လာစမ်းကာ မေးသည်။

"ရပါတယ် မေမေသားနားလိုက်ရင် သက်သာသွားမှာပါ".

"အေးအေး သွားနားချေ"

"ကျွန်တော့်ကိုခွင့်ပြုပါဦး အန်... ဒေါ်ဒေါ်နှင့်ဒီကညီမ"

ကျွန်တော်လည်း ပြုံးကာ နှုတ်ဆက်ရင်း ထွက်လာခဲ့လိုက်သည်။ အနောက်တွင်တော့ အမျိုးသမီးများ ထုံးစံအတိုင်း ဟိုအကြောင်း ရောက် သွားလိုက်။ ဒီအကြောင်း ရောက်သွားလိုက်နှင့်ပေါ့။

သူများမကောင်းကြောင်း ကိုယ့်ကောင်းကြောင်း အမြွတ်တရားများနှင့် အသံများကို ကျွန်တော် လျစ်လျူရှုရင်း အိမ်ပေါ်ထပ် ကျွန်တော့်အခန်းသို့ တက်လာခဲ့လိုက်သည်။

"ချစ်တဲ့သူတွေ့ဖို့အချိန် ...

ခင်လေးစိတ်ကူးနေ ...

တော်ဝင်ညွန့်ဖူး ပြန့်ပြူးခဲ့လို့

ညှာတံရွှေရည်ဝေ ... .

လဲ့လဲ့ရယ်ဝင်းလို့လေ

စန္ဒာယုန်မင်းရေ ... ..

ဟိုကျွန်း ဒီကျွန်းသင်ယွန်းကာလေ

ခင့်ကိုယ်စားရှာနေ"

ဓာတ်စက်က မေရှင်ရဲ့ လဲ့လဲ့ဝင်းသီချင်းသံကို နားဆင်ရင်း မေမေရယ် ကိုကိုကြီးရယ်နှင့် ကျွန်တော်တို့ သုံးယောက်ရဲ့ ထမင်းဝိုင်းလေးက ဇွန်းသံ၊ ပန်းကန်သံအပြင် ဘာမှမကြားရပေ။

ပထမဆုံး တိတ်ဆိတ်မှုကို ဖြိုခွင်းလာသည်က ကိုကိုကြီး။

"မေမေရေ မနက်ဖြန် မြို့အုပ်မင်း

အသစ်ရောက်ပြီဗျ"

"ဟယ် ဟုတ်လား။ ဘယ်သူလဲကွဲ့"

" ကျွန်တော်နဲ့ဘီလပ်မှာ ကျောင်းအတူတူ တက်ခဲ့တဲ့ သူပါ။

ကျွန်တော်က ဘွဲ့ရပြီးပြန်လာပေမဲ့ သူကဟိုမှာ ဘွဲ့လွန် ထပ်ယူနေသေးလို့လေ သူ့နာမည်က ‘အနဂ္ဂမောင်’ တဲ့"

မေမေနဲ့ကိုကိုကြီး ပြောသမျှကို နားစွင့်နေသော်လည်း ထိုစကားဝိုင်းတွင် ဝင်မပါဖြစ်ပေ။

ကျွန်တော်လည်းစားသောက် ပြီးစီးတော့ အိပ်ခန်းထဲဝင်ရန် ထပြင်သည်။

အယ် ငါက ခရစ်ယာန်လေ ဘုရားကျောင်းလေးတော့ သွားသင့်တယ်။

နောက်ပြီးမနက်ဖြန်က Sunday မဟုတ်လား။ ဒါပေမဲ့ဒီမိသားစုက ဗုဒ္ဓဘာသာ ဆိုတော့ ငါဘယ်လိုပြောရမလဲ။

"မေမေနဲ့ကိုကိုကြီးကို သားခွင့်တောင်းစရာရှိတယ်"

"ပြောလေသားထွေး"

"ဟို...သားလေ မနက်ဖြန် ဘုရားကျောင်း သွားချင်လို့" ညီထွေးလေး ဘုရားကျောင်းသွားတာက ထားပါလေ။ ညီထွေးက ဗုဒ္ဓဘာသာကို ခရစ်ယာန်လို ဝတ်ပြုတတ်ပါ့မလား။ မဟုတ်မှလွဲ ကိုကိုကြီးညီထွေးက ရည်းစားသည္ဘာတွေရနေပြီ ထင်တယ်"

ကိုကိုကြီးက စစနောက်နောက် ပြောလာတော့ ကျွန်တော်ဖြင့် မျက်နှာပူစွာ ငြင်းရသေးသည်။

"အာမဟုတ်တာ သား စန္ဒရားလည်းတီးရင်း ဘုရားကျောင်းက ကလေးတွေအတွက် မုန့်လည်း ဝယ်ကျွေးချင်လို့ပါ"

" ဒါဆိုရင်ဖြင့် မနက်ဖြန်ကိုကိုကြီးက မော်ဘီဘက်ဆင်းမှာ မအားဘူး။ အိမ်က ဒရိုင်ဘာဦးမောင် ကိုခေါ်သွားချည်။ မုန့်ဖိုးကတော့ မေမေဆီကယူရင် လောက်တယ်မို့လား ညီထွေး"

"ဟုတ်ကဲ့လောက်ပါတယ် ကိုကိုကြီးရဲ့"

ကိုကိုကြီးက ဒီလိုပဲ။ သားအကြီးလည်းဖြစ် ဖခင်မရှိတဲ့ ဒီအိမ်ထောင်ကြီး တစ်ခုလုံးကို သူက ခေါင်းပေါ်ရွက်ထားသည်မှာ ကြာခဲ့ပြီတဲ့လေ။

မေမေ့အပေါ်တွင်လည်း သားကောင်းတစ်ယောက် ဖြစ်ခဲ့သလို ကျွန်တော့်အပေါ်။ အင်း ဒီခန္ဓာကိုယ်ပိုင်ရှင် ချစ်သောထွေး အပေါ်တွင်လည်း အကိုကောင်းတစ်ယောက်လို ဖခင်လို အားကိုးရတဲ့သူ တစ်ဦးပါပဲ။

"Good Bye ရီရီ။ ကိုယ်မင်းကို တိုင်းတစ်ပါးမှာ အတူတူ ပညာသင်တဲ့ ကိုယ့်လူမျိုးချင်းလည်းဖြစ်။ ကိုယ့်နှမလေးလို ချစ်ခင်မိလို့သာ အစစအရာရာ ကိုယ်ခွင့်လွှတ် သည်းခံပေးခဲ့တာ မင်းကိုတခြားစိတ်မရှိခဲ့ဘူး"

"..."

"ဒါကိုမှမင်းဟာ... ကိုယ့်အပေါ် မရိုးသားတဲ့ စိတ်တွေရှိရင် ကိုယ်အဆင်မပြေဘူး နှမငယ်"

"ကိုမောင်ရယ် ရီကလေ ကိုမောင့်ကိုအကိုလိုရော ချစ်သူတစ်ေယာက်လိုပါ ခင်တွယ်မိတာ ရီမှားလားကိုမောင်"

"တစ်ကိုယ်တည်း တိုင်းတစ်ပါးကိုထွက် ပညာသင်လာတဲ့ အမျိုးသမီးတစ်ဦးကို အစစအရာရာ ဂရုစိုက်ပေးတဲ့ ကိုအနဂ္ဂမောင်ဆိုတဲ့ အမျိုးကောင်းသားတစ်ဦးကို ရီတွယ်တာမိတာ မှားလားအကို"

"မှားတယ် သိပ်ကိုမှားတယ်ရီ။ ကိုယ်ဟာ တကယ်တော့ ရီ့အတွက် အစ်ကိုလို မိတ်ဆွေလို သူပဲဖြစ်သင့်တာ ချစ်သူရည်းစားလို မဖြစ်နိုင်ဘူး နှမငယ်ရီ"

"ဘာလို့လဲ ဘာလို့လဲ အကိုရယ်... ရီက ဘာတွေလိုအပ်နေလို့လဲ"

"ဘာလို့ဆို အစ်ကိုဟာ လိင်တူကိုပဲ ချစ်တတ်တဲ့ သူတစ်ယောက်ဖြစ်လို့ပေါ့ ရီရယ်"

"ရှင်"

***

အပိုင်း - ( ၃ )

"နေကောင်းလို့ ကျန်းမာပါစ မြို့အုပ်မင်း ဦးအနဂ္ဂမောင်ခင်ဗျာ"

"ကျန်းမာလို့ သာပါတယ် ရာဇဝတ်အုပ် ဦးယုမောင်ရယ်"

"ဟား...ဟား...ဟား..."

ဇာတ်တိုက်ထားခြင်း မရှိပါပဲ နှစ်ဦးသားက ရယ်လိုက်မိကြသည်။

"ကိုယ့်လူတောင် ဘိလပ်မှာ အနေကြာလို့ ထင်တယ်..။ တော်တော် ကြည့်ကောင်း လာတာဗျာ။ ကျုပ်မှာသာ နှမရှိရင်ဗျာ ကိုယ့်လူနဲ့ပေးစားရချည်ရဲ့ဗျာ"

"အမယ် ယုမောင်တို့ကတော့ ကျူပ်ကိုမြှောက်ပြီ ကိုယ့်လူကရော ဘယ်တော့ အိမ်ထောင်ဖက် ရှာမလဲဗျာ"

အနဂ္ဂမောင်ကမေးတော့ ယုမောင်က ပြုံးတုံးတုံးဖြင့် တစ်နေရာရာကို ငေးကြည့်ရင်း ဆိုသည်။

"ကျုပ်အတွက် မေမေနဲ့ညီထွေးလေး ရှိရင် ပြီးပြည့်စုံပါတယ်ဗျာ။

ကဲ နဂ္ဂရေ သွားရအောင်ကွာ ကားလည်းစောင့်နေတာ ပြီးရင်ခင်ဗျား ကို အလုပ်ကိစ္စတွေ ပြောရဦးမယ်ဗျ"

ဒီလိုနှင့် ရန်ကုန်မြို့ရဲ့ လူချောနှစ်ဦး လျှောက်လှမ်းလာသော လမ်း တစ်လျှောက် မိန်းမပျိုများက ငေးကြည့်နေသော မြင်ကွင်းက ရန်ကုန် ရဲ့1940မှာ ထင်ဟပ်ခဲ့ဖူးလေသည်။

"ကိုယုမောင်ရေ ကျွန်တော်နဲ့ဘိလပ်မှာ ခင်ခဲ့တဲ့ သူငယ်ချင်းတစ်ယောက်

က လမ်းမတော်ဘက်က ခရစ်ယာန်ကျောင်းက မိဘမဲ့ဂေဟာက ထွက်တာလေ။ အဲဒါ သူ့ကျောင်းလေးအတွက် အလှူငွေထည့်ပေးပါလို့ ပြောရင်း သူ့ဆရာတွေကို စာပေးလိုက်လို့ဗျာ အဲဒါ ကျွန်တော်နေ့လယ်လောက် သွားမယ်ခင်ဗျား လိုက်ဦးမလား"

"တော်ပြီကိုအနဂ္ဂ ကျွန်တော် နေ့လယ် မော်ဘီဘက် သွားစရာ ရှိတယ်ဗျ မလိုက်နိုင်တာ အားနာရပါတယ်ဗျာ"

"မဟုတ်တာဗျာ ရပါတယ် ဒါဆို လုပ်လက်စလေးတွေ အစသပ်ပြီး ကျွန်တော် သွားတော့မယ်ဗျာ See you Ko Yu Maung"

မျက်စိမှိတ်ထားသော်ငြား ... သူ့အရိပ်ထင်နေတာ

နှလုံးသားကိုနားဆင်ငြား...စကားတွေပြောနေလိုက်တာ...

သူဘယ်ကိုသွား...ကိုယ့်အနားရှိနေသည်မှာ ...

ဘာကြောင့်များလဲ...သိလားအချစ်ရာ

အနုအလှလက်ကလေးတွေနဲ့ ...

ယုယကြင်နာစွာ ... ..

ထွေးပွေ့ယူထား...သူအားအတွေ့တွေနွေးနေဆဲပါ။

ဒီလိုမြင်ကြား ခံစားရနေသည်မှာ...

စက္ကန့်မခြား ... နှလုံးသားနဲ့အတူပါ

အသည်းအသက်နဲ့ထပ်တူ ချစ်နေတာ ...

ဖြူစင်သောမေတ္တာ ... မှန်ကန်သောသစ္စာ...

ကျောက်ဆစ်ရုပ်လားပမာ ...

အသည်းစိုင်မှာ စွဲခိုင်မာ

မပျောက်ပျက်နိုင်ပါ...

လောကအလှသစ္စာတရား...ဖွေရှာ

ဘယ်မှာတွေ့နိုင်မှာ ... အပယူအဆများစွာ...

တစ်ချို့ကတော့နှလုံးသားထဲမှာရှာ ...

တစ်ချို့ကဒါ...ရုပ်လက္ခဏာ...

ကိုယ့်အဖို့မှာကား အလှတရား ...

ကိုယ့်အနုပညာပါ...

ကိုယ့်ရဲ့ခံစားမှုများ ... ကိုယ့်ဖန်တီးမှုများသာ ...

အမြုတေပေါက်ဖွားကျောက်သားသို့အဆင်ခိုင်မာ ...

မြင့်မြတ်သောအလှရဲ့သစ္စာပါ...

အနဂ္ဂမောင်တစ်ယောက် အလှူငွေပေးပြီး ဖာသာကြီးနှင့် စကားပြော နေရင်းမှ စန္ဒရားတီးသံနှင့်အတူ ယောကျ်ားပျိုတစ်ဦး၏ သာယာချိုမြန်သာ အသံကနားထဲသို့ ဝင်လာခဲ့သည်။

ထို့ကြောင့် ဘုရားဝတ်ပြုသည့် နေရာဘက်သို့ လျှောက်လာခဲ့လိုက်သည်။

လှလိုက်တာ ... ယောကျ်ားတစ်ယောက် ဖြစ်လျက်ချောတာထက် လှပနေ သော ထိုလူသားပါလား။

သီချင်းသံစဥ္ကို စီးမြောခံစားရင်း မှိတ်ထားသော မျက်လုံးကလေးက လည်း ကဗျာဆန်သည်။

တီလုံး လက်ကွက်အတိုင်း တရွေ့ရွေ့ လှုပ်ရှားနေသော လက်သွယ်သွယ် ကလေးတွေကလည်း သိပ်ကို မဟာဆန်သည်။

တစ်ချက်တစ်ချက် ပြတင်းတံခါးက တိုက်ခတ်လာသော လေအလွင့် ဝဲခါ

သွားသော ဆံနွယ်ကလေးများကလည်း သိပ်ကို လှပလွန်းသည်။

နီရဲသော နှုတ်ခမ်းက ဆိုနေသော သီချင်းသံကို ကြားနေရသည်က အနဂ္ဂမောင်ကို ရေဆာစေသလိုပင်။

သူကိုယ်တိုင်တောင် မသိဘဲ ထိုကောင်လေး အနားသို့ သူ့ခြေထောက်က သစ္စာမဲ့စွာ ရောက်သွားလေသည်။

သီချင်းသံ အဆုံးမှာ နားထောင်နေကြသော စစ်စတာများနှင့် ကလေးများက လက်ခုပ်တီးပြီး အားပေးနေကြသည်။

အတောမသတ်နိုင်အောင် ပြုံးနေသော ထိုကောင်လေး အပြုံးက အနဂ္ဂမောင်ကို ရူးခါစေပါသည်။

"မင်းတီးလိုက်တဲ့ သီချင်းက ကိုယ်တစ်ခါမှ မကြားဖူးဘူးနော်"

ထွေးလည်း အသံကြားရာသို့ လှည့်ကြည့်မိတော့ တီရှပ်လက်ရှည်အဖြူကို သက္ကလပ် ဘောင်းဘီ အနက်ရောင်ထဲ သေချာစွာထိုးထည့်ပြီး လယ်သာရှူးကို အကျအန ဝတ်ဆင်ထားသော အမျိုးသားတစ်ဦး။

"အော် ဒါက ကျွန်တော်ငယ်ငယ်ကတည်းက နားထောင်ဖြစ်တဲ့ သီချင်းမို့ပါ"

Sh*သေစမ်း မင်းဘုန်းရေ။

ဒီသီချင်းက စန္ဒရားလှထွဋ် ရေးပြီးဆိုတာ အခုခေတ်မှာမှ မပေါ်သေးတာ။

"ဒါဆို ဘယ်ဓာတ်စက်အဆို ရှင်လဲ ကိုယ်သိခွင့်ရှိမလား"

အော်မဖြေတတ်ပါဘူးဆို လျှာလည်းတယ်ရှည်တဲ့ မိကျောင်းမသား 1940သားရယ်။

"ကျွန်တော်လည်း ရေဒီယိုကလာလို့ နားထောင်မိတာ မသိဘူးရယ်ဗျ"

ဆက်ပြောရင် အမှားတွေပါလာမည် စိုးသောကြောင့် ထိုနေရာက အမြန်

လစ်မှဖြစ်မည်။

ထိုလူ့ကို ကြည့်ရတာ အရှိန်အဝါတစ်ခုကို တွေ့နေရတယ်။ သူမေးတာတွေ မဖြေနိုင်မှဖြင့် ငါ့ဘဝက မတွေးရဲစရာ။

"ခဏ ... "

ပြောလည်းပြောကာ အနဂ္ဂမောင်ရဲ့ လက်များက စည်းမစောင့်စွာ ထိုကောင်လေးလက်များအား လှမ်းဆုပ်ကိုင် ထားလိုက်သည်။

"ဘာ... ဘာမေးမလို့လဲဗျာ... ကျွန်... ကျွန်တော်ပြန်ပါရစေ ကျွန်တော်မရည်ရွယ်ပဲ ဒီကိုရောက်လာတာပါ "

ကိုယ်က ဘာမှတောင် မပြောရသေး စကားတွေ အထစ်ထစ်အငေ့ါငေ့ါနဲ့ ပြောရင်း ငိုချမလို ဖြစ်နေသည့် မိမိရှေ့က ကောင်လေးကြောင့် အနဂ္ဂမောင်တစ်ယောက် အံ့သြမိသွားသည်။

"အယ် ငိုတော့မငိုပါနဲ့ကွယ်။ ကိုကိုက မင်းနာမည်လေးသိချင်ရုံပါ"

ဟသေစမ်း အနဂ္ဂမောင်ရယ် မင်းဒီကောင်လေးကို ကိုယ့်ကိုယ်ကိုယ်ကိုကိုလို့ သုံးမိတယ်လား။

အရှက်တွေတော့ ဗြန်းဗြန်းကွဲတာပဲ။

"ကျွန်တော့်နာမည်...ချစ်သောထွေး ပါ"

"လှလိုက်တာ"

"ခင်ဗျာ ... "

"အော် နာမည်လေးက လူအတိုင်း လှတယ်လို့"

"သွားခွင့်ပြုပါဦး"

"ကောင်းပါပြီဗျာ"

ထိုအခါမှ မိမိလက်ထဲက ဖြူဖြူသွယ်သွယ် လက်ကလေးတွေကို လွှတ်ပေးမိမှ ထိုကောင်လေးက တစ်ချိုးတည်း ပြေးထွက်သွားသည်။

'အနဂ္ဂမောင်ရေ မင်းတော့ မြန်မာပြည်ပြန်ရောက်ကာမှ ယောကျ်ားရတော့မယ် ထင်တယ်

ထွေး ... ထွေး...ကိုယ့်ရဲ့ထွေး...ချစ်သောထွေး'

***

အပိုင်း - ( ၄ )

အိမ်ပြန်ရောက်တဲ့အထိ မင်းဘုန်းတစ်ယောက် စိတ်တွေက လှုပ်ရှားနေတုန်းပေ။

'ဘာတုန်းကွာဒီလူ။ ဒီဘက်ခေတ်မှာ LGBT တွေကရှိလို့လား။ May Be လေ ရှိချင်လည်း ရှိနိုင်တာပေါ့'

2022 ကလာခဲ့တဲ့ မင်းဘုန်းအတွက် 1940ခုနှစ်က တကယ်အဆင်မပြေပါ။ ဖုန်းလည်းမရှိ။ တီဗွီလည်းမရှိနဲ့။ သူ့အတွက် ပျင်းစရာနေ့ရက်တွေချည်းသာ ဖြစ်ပါသည်။

2022မှာသာဆို သူအခုချိန်ပျင်းနေရင် Game ဆော့ချင်ဆော့နေမည်။ မဟုတ်လျှင် သူAnime ကြည့်နေလိမ့်မည်။ အခုတော့ ဘာမှကို လုပ်စရာမရှိပေ။

သူကြံရာမရတာနှင့် ဒီခန္ဓာကိုယ်ပိုင်ရှင်၏အခန်းထဲသို့လျှောက်ပတ်ကြည့်မိသည်။

သူရောက်ကတည်းက ဒီအခန်းကို သေချာမကြည့်ဖြစ်ခဲ့တာ။ အခုမှသတိထားမိတယ်။ ဒီခန္ဓာကိုယ်ပိုင်ရှင်က သိပ်ကို စည်းကမ်းရှိသည်။

သူ့ပစ္စည်းများကို စည်းကမ်းတကျ နေရာချထားပြီး သူစာကြည့်သည့်ပြတင်းပေါက်နားက စားကြည့်စားပွဲ၌လည်း ဖတ်လက်စ စာအုပ်လေးများက အစီအရီနှင့် ပန်းအိုးလေးတစ်လုံးက ရှိလျက်။

သူထိုစားပွဲသို့ သွားကာ စာအုပ်များကို လှန်လှော ရှာကြည့်မိတော့

စာအုပ်ငါးအုပ်ကို ထပ်ထားပြီး လေးအုပ်မြောက်မှာ Diary စာအုပ်မျိုးလေး။

သူလည်းစိတ်ဝင်စားစွာနှင့် ထိုစာအုပ်လေးကို ကောက်ကိုင်ဖတ်လိုက်သည်။

ညီညာဝိုင်းစက်သော လက်ရေးကလေးများနှင့် ရက်စွဲ အတိအကျနှင့် ရေးထားသော သူ့စာလုံးလေးများကို မြင်ရသည်မှာ မင်းဘုန်းကို ရင်တွေ တဒိတ်ဒိတ် တုန်စေသည်။

သူရေးထားသည်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

'ဒီနေ့ကျွန်တော်တို့ ခြံရဲ့ဘေးခြံကို လူသစ်တွေ ပြောင်းလာကြတယ်။ မေမေ့ရဲ့ ပြောစကားအရ Doctor မိသားစုတဲ့။ ဖအေက မြန်မာတိုင်းရင်း ဆေးဆရာကြီး ဖြစ်ပြီး မိခင်ကတော့ အိမ်ရှင်မပဲတဲ့။ သမီးလေးကတော့ ကျောင်းတက်လက်စပေမဲ့ သားအကြီးက Doctor တဲ့လေ။

ဒီလိုနဲ့ကျွန်တော်တို့ ဘေးအိမ်ကို သူစိမ်းတွေ ရောက်လာကြသည်ပေါ့'

'ဒီနေ့ မေမေက မူးလဲလို့ ကျွန်တော့်မှာ ပျာယာခတ်သွားရတယ်။ အိမ်က ကိုကိုကြီးကလည်း ခရီးသွားနေသည်မို့ ကျွန်တော်ဘယ်သူ့ကို အကူညီ တောင်းရပ့ါမလဲ။ အိမ်မှာကလည်း အိမ်အကူ ကောင်မလေးနှစ်ယောက်က ဘာမှမလုပ်တတ်။

ဘေးအိမ်... ဟုတ်တယ် ဘေးအိမ်မှာ ဆရာဝန်ရှိတာပဲဆိုပြီး မျှော်လင့်ချက်လေးနှင့် ကျွန်တော်ဘေးခြံကို အပြေးတစ်ပိုင်းနှင့် သွားခဲ့သည်။ ကျွန်တော်ပဲ တိုက်ဆိုင်တာလား မသိ။ ကျွန်တော်ဘေး ခြံရှေ့ကို ရောက်တော့ ခြံထဲကို ဝင်တော့မည့် ကားတစ်စီး။ ကျွန်တော်လည်းကားမှန်ဘေး နားကိုရပ်ပြီးကားထဲကလူကိုအကူညီတောင်းရတော့တာပေ့ါ။ သူက ဆရာဝန်ပဲ ဖြစ်မည်လေ။

"ထွေးကို ကူညီပါဦးအကို... ထွေးအမေ မူးလဲသွားလို့"

ထိုလူကလည်း ဟုတ်ပြီဆိုပြီး သူ့ဆေးလွယ်အိတ်ကို ယူကာကားထဲက ဆင်းပြီး ကျွန်တော်ခေါ်ရာ နောက်ကို လိုက်လာခဲ့သည်။

အိမ်ထဲရောက်တော့ ကလေးမနှစ်ယောက်က မေမေ့ကို အခန်းထဲ လှဲထားစေ ပြီးတော့ ကျွန်တော် ဆရာဝန်ခေါ်လာမည်ကို စောင့်နေကြသည်။

သူကလည်း ရောက်ရောက်ခြင်း မေမေ့ကို သွေးပေါင်ချိန်။ အဖျားတိုင်းပြီး ဆေးသွင်းတာတွေက အစလုပ်နေသည်။

"ဘာမှ စိုးရိမ်စရာမရှိပါဘူး လူနာက လူကြီးလည်းဖြစ်တော့ နည်းနည်းပင်ပန်းလို့ သွေးပေါင်ကျတာပါ။ အခုရက်လူနာကို အနားပေးပြီး အားဆေးတွေ သောက်ရင် ပြန်ကောင်းလာမှာပါ"

အကိုကကျွန်တော့်ကို ပြုံးပြီး ပြောလာတော့ ကျွန်တော်လည်း ပြန်ပြုံးပြီး ကျေးဇူးတင်ပါတယ်လို့ ပြောပြမိတယ်။

မေမေ့ကို ဆေးထိုးပေးပြီး သောက်ရန်ဆေးတွေ မှာကြားပြီးတော့ အကိုက ပြန်ရန်ပြင်သည်။ ကျွန်တော်ကလည်း အကို့ကို သူတို့ခြံရှေ့ရှိ လိုက်ပို့ပြီး ဘာစကားမှ မပြောဖြစ်။

ကျွန်တော်အကို့ကို လိုက်ပို့ပြီး မေမေ့အခန်းထဲ ပြန်ရောက်တော့ မေမေက သတိရနေပြီ။ မေမေ့ကို အကျိုးအကြောင်း ပြောပြီး ဘေးအိမ်က ဆရာဝန်ကို အကူညီတောင်းတယ် ပြောပြတော့ မေမေက ဘေးအိမ်က ဆရာဝန်ကို ဆေးဖိုးမပေးလိုက်ဘူးလား မေးတော့မှ ကျွန်တော်သတိရတယ်။

ဒီလိုနှင့် မေမေက ဘေးအိမ်က ဆရာဝန်ကို ကျေးဇူးတင်သည်ဆိုသည့် အကြောင်းပြောဖို့နှင့် မနက်ဖြန် ညစာစားရန် ဖိတ်ဖို့ ကျွန်တော်အကို အလုပ်ပြန်သည့် ညနေ၄နာရီကို မျှော်နေမိသည်။

ကျွန်တော့် စာကြည့်စားပွဲလေးက အခန်းရဲ့ ပြတင်းပေါက်ဘေး ကပ်ရပ်ဆိုတော့ အပေါ်ထပ်ကနေ အောက်ကို အကုန်မြင်နေရတော့ ကျွန်တော် အကို ပြန်လာမည့် အချိန်ကို မျှော်နေမိသည်။ အကိုကလည်း ဒီနေ့မှ ပြန်လာတာ ပိုနောက်ကျနေသလိုပင်။

ကားစက်သံနှင့်အတူ ကျွန်တော့်ခေါင်းက အကိုတို့ ခြံဘက်ကို အလိုက်တသိ လှည့်မိတော့ အကို့ကားလေးက ခြံရှေ့မှာ ရပ်လျက် အကိုက ခြံတခါးကို ဖွင့်နေသည်။

ကျွန်တော်လည်း ဝုန်းခနဲထရပ်လိုက်ပြီး အကိုရှိရာ အောက်ထပ်သို့ ခြေလှမ်းတွေက ခပ်သွက်သွက် ...

"Doctor...တဆိတ်လောက်ခွင့်ပြုပါ"

ကျွန်တော်ခေါ်တော့ Doctor က ပြန်လှည့်ကြည့်လာသည်။

"ဘာကိစ္စရှိလို့လဲထွေး "

အကိုက ကျွန်တော့်ကို ခေါ်တာထွေးတဲ့။

"ဟိုလေ မေမေကမနေ့က ကျေးဇူးတင်လို့တဲ့။ အဲ့တာ Doctorကို ဒီညDinner လေး ကျွေးချင်လို့ဆိုတာ အဲ့တာDoctor များ ထွေးတို့အိမ်ကို ကြွလို့ရမလားလို့ပါ"

"ရတာပေါ့ထွေးရယ်...ကိုယ်ရေမိုးချိုးပြီး လာခဲ့ပါမယ် "

"ဟုတ်ကဲ့ ကျေးဇူးပါဒေါက်တာ...ဒါဆို ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

ဒီလိုနှင့်ကျွန်တော်လည်း အိမ်ပြန်ရေမိုးချိုးပြီး အကိုလာမဲ့ ညစာစားပွဲလေးကိုပဲ မျှော်နေမိသည်။

ထွေးက ကိုယ့်ကိုယ်ကိုယ် သိသည်။ ထွေးမိန်းကလေးတွေကို စိတ်မဝင်စားတာ သေချာသည်။

ထွေးလူပျိုဖော်ဝင်ကာစမှာပင် ရွယ်တူမိန်းကလေးများကို စိတ်နှင့်တောင် မပြစ်မှားမိ။ မျိုးတူ ယောကျ်ားများက စိုက်ကြည့်ရင်ဖြစ်စေ။ ပြုံးပြရင်ဖြစ်စေ ထွေးရင် ခုန်တတ်သည်။

ထွေး ဘာလုပ်ရမှန်းလဲ ထိုအခါကမသိခဲ့ပေ။ ထွေးတစ်ယောက်ပဲ မှားယွင်းနေလားလို့ အမြဲတွေးပြီး ထွေးအားငယ် သိမ်ငယ်ခဲ့ရဖူးသည်။

နောက်ကျတော့လည်း ဒါဟာ ထွေးဝဋ်ကြွေးဖြစ်လိမ့်မည်ဟု သတ်မှတ်ခဲ့သည်။ မသိစိတ်ကလည်း Doctor လေးကို သဘောကျမိသည်။

ဒီညနေ အကိုလာမှာဆိုတော့ ရာသီဥတုကလည်း ဆောင်းအဝင် အေးစိမ့်စိမ့်ဆိုတော့ ဆွယ်တာလေးကိုပဲ ဝတ်ဖြစ်ခဲ့သည်။ အောက်ကတော့ ပိုးပုဆိုးလေးနှင့် အွန်း ...ကြည့်ကောင်းလှပြီ ထင်ပါတယ်လေ။

"အော် Doctor လေးရောက်ပြီလား"

အိမ်အောက်က မေမေ့ရဲ့ အသံကြားသည်နှင့် အကိုရောက်ပြီဆိုတာ သိလိုက်ရတော့ ...

ကျွန်တော်လည်း အောက်ထပ်ကို ဣန္ဒြေရရ ဆင်းသွားခဲ့သည်။ အောက်ထပ်ရောက်တော့ မေမေက လှမ်းခေါ်သည်။

"လာသားထွေး... ဒါကတော့ ဒေါ်ဒေါ့်သားအငယ် ချစ်သောထွေးတဲ့။ သားကြီးကတော့ ရာဇဝတ်အုပ်ဆိုတော့ ပဲခူးဘက်က အမှုကိစ္စရှိလို့တဲ့ သွားလေရဲ့ "

"ရပါတယ်ဒေါ်ဒေါ်ရယ် ကျွန်တော်လည်း အိမ်နီးချင်းဆိုတော့ အဖော်ရတာပဲ ဝမ်းသာပါပြီ"

"အော် သားထွေး မှတ်ထားဦးနော် Doctor နာမည်က ခင်မောင်ရင် တဲ့".

"ဟုတ်ကဲ့ မှတ်ထားပါ့မယ် "

"ကဲ ထမင်းဝိုင်းလည်း လူစုံပြီဆိုတော့ သွားစားကြရအောင်ကွယ်"

မေမေ့စကားသံ အဆုံးမှာ ကျွန်တော်တို့အားလုံး ထမင်းဝိုင်းဆီကို ဦးတည်လာခဲ့ကြသည်။

ကျွန်တော် ဦးနှောက်နှင့် နှလုံးသားထဲကိုတော့ အကိုက ဦးတည်လာတာပေါ့။ ကိုခင်မောင်ရင်ရယ်။

***